# 《တရုတ် • ယူနန် 》 အထူးထုတ်သတင်းစာကို ဘန်ကောက်တွင် စတင်ဖြန့်ဝေ



ဖြန့်ဝေပွဲအခမ်းအနား

ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှထိုင်းနိုင်ငံ《တိုင်းရင်းသားသတင်းစာ》နှင့်ပူးပေါင်း၍ တည်ထောင်ကြသော《တရုတ်•ယူနန်》အင်္ဂလိပ်ဘာသာအထူးထုတ်သတင်းစာကို မကြာမီထိုင်းနိုင်ငံဘန်ကောက်မြို့တွင် စတင်ဖြန့်ဝေခဲ့သည်။ ယင်းသည် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှ ထိုင်းနိုင်ငံအဓိကမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်မှာ ခြေလှမ်းသစ်လျှောက်လှမ်းနိုင်ခဲ့ခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။

ထိုင်းနိုင်ငံအစိုးရယဉ်ကျေးမှုဝန်ကြီးဝေလာ•လောဖုဂျာနာ့လဲ၊ ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံးနိုင်ငံရေးသံမှူးဝူကျိဝူး၊ ထိုင်းနိုင်ငံ《တိုင်းရင်းသားသတင်းစာ》ဥက္ကဋ္ဌဖာနာ့•ကျန်ဝေ လော်ယီ၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုနှင့်ထိုင်းနိုင်ငံတိုင်းရင်းသားသတင်းကွန်ရက်ကုမ္ပဏီလီမိတက်တို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက ဖြန့်ဝေပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

တရုတ်နှင့်ထိုင်းနိုင်ငံအကြားတနေ့တခြား တိုးတက်လာသော စီးပွားရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် အကျိုးတူဖွံ့ဖြိုးတိုးတက်လျက်ရှိသော စည်ပင်သာယာရေးအခြေအနေနှင့် လိုက်လျောညီထွေနိုင်ရန်၊ ထိုင်းနိုင်ငံနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား တံခါးဖွင့်ပြတင်းပေါက်ဖြစ်သော တရုတ်•ယူနန်ကို သိရှိနားလည်နိုင်ရန်၊ နှစ်ဦးနှစ်ဖက်တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို တွန်းအားပေးနိုင်ရန်၊ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုနှင့် ထိုင်းနိုင်ငံ တိုင်းရင်းသားသတင်းကွန်ရက်ကုမ္ပဏီလီမိတက်တို့သည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး၊ တန်းတူရည်တူညှိနှိုင်းဆွေးနွေးရေးအပေါ်မူတည်၍ ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရန်၊ 《တိုင်းရင်းသားသတင်းစာ》တွင် အင်္ဂလိပ်ဘာသာ 《တရုတ်•ယူနန်》 အထူးထုတ်သတင်းစာ ထည့်သွင်းထုတ်ဝေရန်၊ သတင်းပေးပို့မှုစနစ်တည်ထောင်ရန်အတွက် သဘောတူညီချက်များရရှိခဲ့သည်။

မိတ်ဆက်ခြင်းအရ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် ထိုင်းနိုင်ငံ 《တိုင်းရင်းသားသတင်းစာ》 ပေါ်မှ 《တရုတ်•ယူနန်》အင်္ဂလိပ်ဘာသာအထူးထုတ်သတင်းစာကို ထုတ်ဝေပြီး《တိုင်းရင်းသားသတင်းစာ》နှင့်အညီ ထိုင်းနိုင်ငံပြည်တွင်း၌ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ 《တရုတ်•ယူနန်》 အင်္ဂလိပ်ဘာသာ အထူးထုတ်သတင်းစာသည် လစဉ်နှစ်ပတ် (လစဉ်ပထမသီတင်းပတ်၊ တတိယသီတင်းပတ်တို့တွင် ထုတ်ဝေမည်ဖြစ်သည်) ထုတ်ဝေသွားမည်ဖြစ်ပြီး တစ်ပတ်လျှင် ရောင်စုံသတင်းစာတစ်စောင်၊ တစ်နှစ်လျှင်(၂၄)ပတ်နှင့် သတင်းစာ(၂၄)စောင်ကို ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ အထူးထုတ်သတင်းစာ၏ သတင်းယူပြုစုရေး၊ ဘာသာပြန်ရေးနှင့် ဒီဇိုင်းပုံစံပြုလုပ်ရေးလုပ်ငန်းများကို ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမှတာဝန်ယူပြီးပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကို ထိုင်းနိုင်ငံ 《တိုင်းရင်းသားသတင်းစာ》မှ ထိုင်းနိုင်ငံအတွင်းတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

《တရုတ်•ယူနန်》အထူးထုတ်သတင်းစာ၏ရည်ရွယ်ချက်မှာ ယူနန်နယ်စပ်ဖြတ်ကျော်ဖွံ့ဖြိုးတိုးတက်ရေး၏နည်းလမ်းသစ်၊ အခြေအနေသစ်များကို ထည့်သွင်းဖော်ပြရန်၊ ယူနန်မှပြည်သူ့စားဝတ်နေရေးကို ပြုပြင်ပြောင်းလဲပြီးအာမခံပေးသောမူဝါဒဆိုင်ရာနည်းလမ်းများနှင့်ရရှိထားသောအောင်မြင်မှုရလဒ်များကို ထည့်သွင်းဖော်ပြရန်၊ ယူနန်တိုင်းရင်းသားလူမျိုးများစည်းလုံးညီညွတ်ရေးနှင့် နယ်စပ်ဒေသများ၌ သဟဇာတရှိသော ဘဝသစ်ကိုထည့်သွင်းဖော်ပြရန်၊ ယူနန်သဘာဝဂေဟစနစ်တည်ဆောက်ရေးစသည့်ဘက်တွင် ရရှိထားသည့် ထူးကဲသောအောင်မြင်မှုများကို ထည့်သွင်းဖော်ပြရန်၊ ယူနန်နှင့်အိမ်နီးချင်းနိုင်ငံများအကြား ခင်မင်ရင်းနှီးသော၊ သင့်မြတ်ချစ်ကြည်သော၊ တံခါးဖွင့်သော၊ သည်းခံထောက်ညှာသော အသွင်ကောင်းကို ပြသခြင်းဖြင့် ထိုင်းနိုင်ငံနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များအား ယူနန်ပြည်နယ်အပေါ် ပိုမိုနက်ရှိုင်းကျယ်ပြန့်စွာ သိရှိနားလည်စေပြီး ထိုင်းနိုင်ငံပြည်သူပြည်သားများအား ယူနန်တွင်ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ငန်း၊ ခရီးသွားအပန်းဖြေမှုလုပ်ငန်း၊ လေ့လာဖလှယ်မှုလုပ်ငန်းစသည့် သက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်မရွေးရရှိစေကာ ထိုင်းနှင့်ယူနန်တို့၏ လူမှုစီးပွားအကျိုးတူတိုးတက်စေရေးကို တွန်းအားပေးရန်အတွက်ဖြစ်သည်။



ဖြန့်ဝေပွဲအခမ်းအနား

တစ်ချိန်တည်းတွင် တရုတ်ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုနှင့်ထိုင်းနိုင်ငံ တိုင်းရင်းသားသတင်းကွန်ရက်ကုမ္ပဏီလီမိတက်တို့သည် ပိုမိုအဆင်ပြေလျင်မြန်ပြီး ဘက်စုံဖလှယ်လှုပ်ရှားနိုင်သော မီဒီယာအသစ်ညီစင်တစ်ခုဖြစ်သောတရုတ်(ယူနန်)-ထိုင်းမီဒီယာသစ်မဟာမိတ်အဖွဲ့ထူထောင်ရန် သဘောတူညီခဲ့ကြသည်။ မီဒီယာသစ်မဟာမိတ်အဖွဲ့သည် တရုတ်(ယူနန်)နှင့် ထိုင်းနှစ်ဖက်မှ ဩဇာညောင်းမှုရှိသောမီဒီယာသစ်နှင့်မီဒီယာသစ်အုပ်စုများဖြင့် ဖွဲ့စည်းထားမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက်တို့သည် ပိုမိုများပြားသောတရုတ်နှင့်ထိုင်းနှစ်နိုင်ငံရှိ မီဒီယာသစ်များအား ယင်းမဟာမိတ်အဖွဲ့ထဲ ပါဝင်စေရန် ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ယင်းမဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်အဖွဲ့အစည်းများသည် "တန်းတူရည်တူဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးရေး၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေးနှင့် အနိုင်ရရှိစေရေး"အပေါ်မူတည်၍ မီဒီယာသစ်အသိုက်အဝန်းတွင် သတင်းအချက်အလက်များ အတူတကွမျှဝေခံစားခြင်း၊ သက်ဆိုင်ရာသတင်းများ၊ စီးပွားရေးကြော်ငြာများ အပြန်အလှန်ဖလှယ်ခြင်းစသည့် လှုပ်ရှားမှုများကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်သည်။

မဟာမိတ်အဖွဲ့သည် တရုတ်(ယူနန်)နှင့်ထိုင်းနိုင်ငံတို့တွင် ဆက်သွယ်သူနှင့်ရုံးဌာနများကိုအသီးသီးတည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအတွင်းရေးမှူး သို့မဟုတ် ဆက်သွယ်သူများကိုလည်း ခန့်အပ်သွားမည်ဖြစ်သည်။ ဆက်သွယ်သူသည် မိမိနိုင်ငံအတွင်းနှင့် နှစ်နိုင်ငံအကြားမှ မီဒီယာသစ်များ၏ ဆက်သွယ်ရေးလုပ်ငန်းကို တာဝန်ယူရမည်ဖြစ်သည်။ ၁၉၉၅ ခုနှစ်မှစ၍ ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုသည် အမေရိကန်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားစသည့်နိုင်ငံများနှင့် မီဒီယာနည်းလမ်းအရ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပင်လယ်ရပ်ခြားတွင်ဖြန့်ဝေခဲ့သော နိုင်ငံတကာသတင်းစာများမှာ (၁၀)စောင်ကျော်ရှိခဲ့ပြီးဖြစ်သည်။

တိုင်းရင်းသားသတင်းကွန်ရက်ကုမ္ပဏီလီမိတက်သည် ထိုင်းနိုင်ငံတိုင်းရင်းသားမာလတီမီဒီယာအုပ်စု၏ လက်အောက်လုပ်ငန်းဖြစ်သည်။နေ့စဉ်သတင်းစာဖြစ်သည့် 《တိုင်းရင်းသားသတင်းစာ》 (အင်္ဂလိပ်ဘာသာ)၏ ထုတ်ဝေသူဖြစ်သည်။

တိုင်းရင်းသားမာတီမီဒီယာအုပ်စုသည် ထိုင်းနိုင်ငံတွင် အကြီးဆုံးသော အထွေထွေ မီဒီယာအုပ်စုဖြစ်သည်။ 《တိုင်းရင်းသားသတင်းစာ》သည် သီးသန့်သောသတင်းလုပ်ဆောင်ရေးသမိုင်း(၄၆)နှစ်ရှိခဲ့ပြီး ထိုင်းနိုင်ငံနှင့်ဒေသတွင်းသတင်းမီဒီယာလောက၏ စံပြပင်ဖြစ်သည်။

သတင်းမီဒီယာသည် နှစ်နိုင်ငံတို့အကြား သတင်းအချက်အလက်များကို ပေးပို့သော လမ်းကြောင်း၊ စိတ်နှလုံးသားအရ ဖလှယ်သောပေါင်းကူးတံတား၊ ချစ်ခြင်းမေတ္တာကို ဆက်သွယ်သောနှောင်ကြိုး၊ ချစ်ကြည်ရင်းနှီးရေး၏တမန်ဖြစ်သည်။ လောကပိုင်းမှ ပုဂ္ဂိုလ်များကယခုနှစ်သည် တရုတ်-ထိုင်း သံတမန်ဆက်ဆံရေး၏ နှစ်(၄၀)ပြည့် အထိမ်းအမှတ်နှစ်ဖြစ်ကြောင်း၊ တရုတ်-ထိုင်းဆက်ဆံရေးသည် ပိုမိုဘက်စုံနက်ရှိုင်းသော၊ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သောအဆင့်သို့ ဝင်ရောက်လာခဲ့ကြောင်း၊ ယူနန်-ထိုင်း အဓိကမီဒီယာများ၏ ချစ်ကြည်ရင်းနှီးစွာဆက်ဆံခြင်း၊ အားကောင်းသောမီဒီယာများလက်တွဲခြင်း၊ နက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်ခြင်းသည် "တရုတ်-ထိုင်းတစ်အိမ်သားလုံးကဲ့သို့ ချစ်ခင်ခြင်း"အတွက် ပိုမိုသက်ဝင်လှုပ်ရှားသော အားသစ်လောင်းပေးနိုင်ကြောင်း ဖော်ပြထားသည်။

သတင်းထောက်-လီဟုန်ဖုန်း၊
ဝမ်ကျန်း၊ လျူရန့်ချင်

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# ရွှေလီကျယ်ခေါင်၌ ဘဏ်ကတ်ဖတ်၍ အတားအဆီးမဲ့ စားသုံးရန် စံပြဇုန်တည်ဆောက်ရေးလုပ်ငန်းစတင်

ရွှေလီကျယ်ခေါင် နယ်စပ်ကုန်သွယ်မှုဇုန်၌ ဘဏ်ကတ်ဖတ်၍ အတားအဆီးမဲ့စားသုံးရန် စံပြဇုန်တည်ဆောက်ရေးစတင်ခြင်းအခမ်းအနားကို ကျယ်ခေါင်နိုင်ငံတော်မုခ်ဦးတွင် ကျင်းပခဲ့သည်။ ယင်းသည် ကျယ်ခေါင်နယ်စပ်ကုန်သွယ်မှုဇုန်နယ်မြေအတွင်းရှိ စီးပွားရေးလုပ်ငန်းများက ယခုအချိန်မှစ၍ တစ်ပြည်လုံးတွင် ဘဏ်ကတ်ဖတ်၍ အသက်သာဆုံးသော နှုန်းထားဖြင့် စားသုံးမည့်ပေါ်လစီကို ခံစားနိုင်သည့် အမှတ်လက္ခဏာဖြစ်သည်။

ယခုနှစ်ပိုင်းအတွင်း တရုတ်-မြန်မာကုန်သွယ်မှုအဆက်မပြတ်တိုးတက်လာသည်နှင့်အမျှ ရွှေလီမြို့တွင် နှစ်စဉ်ကုန်သွယ်မှုပမာဏယွမ်ပေါင်း ၃၀ ဘီလီယံကျော်လွန်ခဲ့ပြီး တရုတ်-မြန်မာကုန်သွယ်မှုပမာဏ၏ ၃၀%ထက်မနည်းပါဝင်ကာ ယူနန်-မြန်မာကုန်သွယ်မှုပမာဏ၏ ၇၀% ထက်မနည်းပါဝင်ခဲ့သည်။ နယ်စပ်ဒေသများတွင် ငွေရေးကြေးရေးဆိုင်ရာအထွေထွေပြုပြင်ပြောင်းလဲမှုမှ အရေးပါသောဆောင်ရွက်ချက်အဖြစ်၊ ရွှေလီကျယ်ခေါင် နယ်စပ်ကုန်သွယ်မှုဇုန်တွင် ဘဏ်ကတ်ဖတ် အတားအဆီးမဲ့စားသုံးရန် စံပြဇုန်တည်ဆောက်ရေးလုပ်ငန်းသည် တရုတ်-မြန်မာဘဏ်လုပ်ငန်းများ နယ်စပ်ဖြတ်ကျော် အီး-ငွေစာရင်းရှင်းစနစ်၊ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုကွန်ရက်ပုံစံ၏ နယ်စပ်ဖြတ်ကျော် အီး-ရောင်းဝယ်ရေးစနစ်များကို ကျော်လွှားစွာဖွံ့ဖြိုးတိုးတက်စေပြီး ရွှေလီနိုင်ငံတော်အလေးပေးတံခါးဖွင့် ဖွံ့ဖြိုးမှုစမ်းသပ်ဇုန်ကို အရှိန်မြှင့်တည်ဆောက်ရန်အတွက် အရေးပါသည့်အခန်းထဲပါဝင်နိုင်မှာဖြစ်သည်။

မိတ်ဆက်ခြင်းအရ ရွှေလီမြို့အနေနှင့် ရှေ့ဆက်လက်၍ ဘဏ်ကတ်များလျှောက်တင်ရန်စျေးကွက်ကို စနစ်တကျကြီးကြပ်ပြုပြင်ရေး၊ တရုတ်ယွမ်ငွေနှင့် မြန်မာကျပ်ငွေနှစ်မျိုးစလုံး ထုတ်နိုင်သည့်ဘဏ်ကတ်ထုတ်ဝေရေး၊ Unipay (အင်တာနေရှင်နယ်)နှင့် တရုတ်-မြန်မာငွေလဲရန်စင်တာအကြား ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဖြတ်ကျော် အီး-ကုန်သွယ်မှုအသုံးပြုရေးများဖြင့် တရုတ်-မြန်မာ ဘဏ်လုပ်ငန်းနယ်စပ်ဖြတ်ကျော် အီး-ငွေစာရင်းရှင်းရန် အတားအဆီးကို ဖြေရှင်းပြီးရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးရန်၊ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုကွန်ရက်ပုံစံဖြင့် နယ်စပ်ဖြတ်ကျော် အီး-ရောင်းဝယ်မှုကို အတားအဆီးမရှိအောင် ဖော်ဆောင်နိုင်ရန် မြန်မာဖက်နှင့်အတူ ကြိုးစားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းထောက် - တိန့်ချင်းဝင်

# တရုတ်–မြန်မာနယ်စပ်ကုန်စည်ပြပွဲကို ရွှေလီတွင်ဖွင့်လှစ်

ယခုရက်ပိုင်းတွင်(၁၅)ကြိမ်မြောက် တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲကို ရွှေလီမြို့ ကျယ်ခေါင်နယ်စပ်ကုန်သွယ်မှုဇုန်တွင် ဖွင့်လှစ်ခဲ့သည်။

ယူနန်ပြည်နယ်အစိုးရ ပါတီကော်မတီအဖွဲ့ဝင် ကောက်စူရှင်၊ မြန်မာနိုင်ငံအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပွင့်ဆန်းတို့က ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြသည်။

ကောက်စူရှင်က မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ကြောင်း၊ တရုတ်-မြန်မာနှစ်နိုင်ငံမှ ပြည်သူများသည် ကာလကြာရှည်စွာ ဆက်ဆံရာတွင် လေးနက်သော ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှုကို တည်ထောင်ခဲ့ကြောင်း၊ နှစ်ဖက်တို့၏ ပူးပေါင်းဖလှယ်မှုသည် တနေ့တခြား ပိုမိုကျယ်ပြန့်လာပြီး အခြေခံအဆောက်အအုံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ကျန်းမာရေး စသည့်ကဏ္ဍများပါဝင်သော ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို တည်ထောင်ခဲ့ပြီးဖြစ်ကြောင်း၊ တရုတ်-မြန်မာနယ်စပ် ကုန်စည်ပြပွဲသည် ကုန်ပစ္စည်းပြသခြင်း၊ ကုန်သွယ်မှုကမ်းလှမ်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုခေါ်ယူခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း စသည်တို့ကို တစ်ပါတည်းစုစည်းထားသော ဒေသဆိုင်ရာပြပွဲကြီးအဖြစ် တိုးတက်လာပြီး တရုတ်-မြန်မာနှစ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးပူးပေါင်းဖလှယ်ရန် အရေးကြီးသောညီစင်ဖြစ်လာနေပါကြောင်း၊လောလောဆယ် ယူနန်ပြည်နယ်သည် “တစ်ဇုန်တစ်လမ်း” စီမံကိန်း၊ ဘင်္ဂလားဒေ့ရှ်-တရုတ်- အိန္ဒိယ-မြန်မာ စီပွားရေးစင်္ကြံ တည်ဆောက်ရေးစသည့် မဟာဗျူဟာထဲသို့ လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှုပေးပြီး ပေါင်းသွင်းထားလျက်ရှိနေကြောင်း၊ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသော ဖြာထွက်မှုစင်တာကို တက်ကြွစွာတည်ဆောက်နေဆဲဖြစ်ကြောင်း၊ ယူနန်သည် မြန်မာနိုင်ငံနှင့် နယ်ပယ်အသီးသီးမှ ပိုမိုလက်တွေ့ပူးပေါင်းဆောင်ရွက်၍ ကုန်သွယ်မှုပမာဏတိုးချဲ့ပြီး အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန်၊ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဇုန်ကို ပိုမိုမြန်ဆန်စွာတည်ဆောက်စေပြီး ယူနန်-မြန်မာ ပူးပေါင်းဆောက်ရွက်ရေးအတွက် ကဏ္ဍသစ်ဖွင့်လှစ်ရန်ဆန္ဒရှိကြောင်း ပြောကြားသည်။

ပွင့်ဆန်းက မြန်မာနှင့်တရုတ်နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်းဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံပြည်သူများကရှေးပဝေသဏီကပင် ချစ်ကြည်ရင်းနှီးစွာကူးလူးဆက်ဆံခဲ့ကြောင်း၊ နှစ်ဦးနှစ်ဖက်တို့အနေဖြင့် သတင်းအချက်အလက်များကို ဆတက်ထမ်းပိုးဖလှယ်ကြရန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင်ပိုမိုပူးပေါင်းဆောင်ရွက်ကြပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဆင့်အတန်းကို အဆက်မပြတ်မြှင့်တင်ကာ နယ်စပ်ဒေသစည်ပင်သာယာရေးတိုးမြှင့်ရန် မျှော်လင့်ထားကြောင်း ပြောကြားသည်။

ယခုအကြိမ် နယ်စပ်ကုန်စည်ပြပွဲတွင် မိုးလုံလေလုံပြခန်း(၄၆၆)ခန်း၊ လဟာပြင်ပြခန်းဧရိယာစတုရန်းမီတာ(၃၀၀၀)ကျော်ရှိသည်။ ပြသထားသော ကုန်ပစ္စည်းများမှာ အဓိကအားဖြင့် အင်ဂျင်နီယာ စက်ကိရိယာများ၊ လက်မှုပစ္စည်းများနှင့် လယ်ယာထွက်ကုန်များဖြစ်သည်။




တရုတ်-မြန်မာနယ်စပ်ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

## မြောက်အမေရိကတိုက်မှ တရုတ်ဘာသာမီဒီယာများ ယူနန်သို့လာရောက်သုတေသနပြုလေ့လာ




လေ့လာရေးအဖွဲ့က စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

မကြာသေးမီ တရုတ်ပြည်လုံးဆိုင်ရာ သတင်းသမားများအသင်း (တရုတ်သတင်းထောက်များအသင်း)က ကြီးမှူးကျင်းပခဲ့သော မြောက်အမေရိကတိုက်မှ တရုတ်ဘာသာမီဒီယာများ “တစ်ဇုန်တစ်လမ်း” မဟာဗျူဟာဆိုင်ရာ သုတေသနလေ့လာရေးအစီအစဉ်ကို ယူနန်တွင် ကျင်းပခဲ့သည်။ အမေရိကန်နိုင်ငံမှ ရောက်ရှိလာသော တရုတ်ဘာသာမီဒီယာ(၈)ခု၊ ကနေဒါနိုင်ငံမှ ရောက်ရှိလာသော တရုတ်ဘာသာမီဒီယာ(၆)ခုတို့မှ ကိုယ်စားလှယ်များသည် ကူမင်းမြို့နှင့်ထိမ်ချုံးခရိုင်တို့တွင် နက်ရှိုင်းစွာ သုတေသနပြုလေ့လာခဲ့ပြီး အောင်မြင်မှုရလဒ်များစွာရရှိခဲ့သည်။

ရှေးခေတ်တောင်ပိုင်းပိုးလမ်းမကြီး၏အစပြုရာနေရာနှင့် “ပိုးလမ်းမကြီးစီးပွားရေးရပ်ဝန်း”၏ အချက်အချာမြို့အဖြစ် ယူနန်ပြည်နယ်သည် “တစ်ဇုန်တစ်လမ်း” မဟာဗျူဟာစနစ်တွင် အရေးပါသည့်အခန်းထဲ ပါဝင်နေဆဲဖြစ်သည်။ လေ့လာရေးအဖွဲ့သည် ကူမင်းမြို့တွင် ယူနန်စီမံ အုပ်ချုပ်ရေးကောလိပ် ပြည်နယ်အခြေအနေနှင့် ပေါ်လစီရေးရာသုတေသနဌာနမှ တာဝန်ရှိသူကို အထူးဖိတ်ခေါ်ပြီး ယူနန်ပြည်နယ်၏ လက်ရှိအခြေအနေကို မိတ်ဆက်ပေးခဲ့သည်။ တစ်ချိန်တည်းတွင် “တစ်ဇုန်တစ်လမ်း”တိုက်တွန်းချက်အောက်တွင် ယူနန်၏ ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အရေးနှင့် ရှေ့အလားအလာနှင့် စပ်လျဉ်း၍ နက်ရှိုင်းစွာ ဆွေးနွေးဖလှယ်ခဲ့သည်။ ယူနန်နေ့စဉ် သတင်းစာလုပ်ငန်းအုပ်စု၊ ယူနန်ကွန်ရက်တို့သို့လည်း သွားရောက်လေ့လာခဲ့ကြပြီး “အပြင်သို့ ထွက်ခြင်း” မှရရှိသော အောင်မြင်မှုများနှင့်ပတ်သက်၍ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယခုအကြိမ် သုတေသနပြုလေ့လာရေးအစီအစဉ်သည် “ပိုးလမ်းမပေါ်မှ တရုတ်အသံ”ကို ခေါင်းစဉ်အဖြစ်ထားခြင်းဖြစ်သည်။ ကိုယ်စားလှယ်များက တရုတ်ဘာသာ မီဒီယာများအနေနှင့် ပင်လယ်ရပ်ခြားတွင် တည်ရှိခြင်းဖြစ်သော ပထဝီအားသာချက်ဖြင့် “ပိုးလမ်းမပေါ်မှ တရုတ်အသံ” ဟူသော အမှတ်တံဆိပ်ကို အားထုတ်တည်ထောင်သွားသင့်ကြောင်း၊ မြောက်အမေရိကတိုက်ရှိ တရုတ်ဘာသာ မီဒီယာများမှ တရုတ်သတင်းများကို နက်ရှိုင်းစွာ ထည်းသွင်းဖော်ပြခြင်းဖြင့် ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုးသားများနှင့် နိုင်ငံခြားသားများကို တရုတ်ပြည်တွင်းမှ အရေးကြီးသတင်းများကို ပြည့်ပြည့်ဝဝစုံစုံလင်လင် သိရှိနားလည်စေပြီး တရုတ်နိုင်ငံယဉ်ကျေးမှုတည်ဆောက်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှ ရရှိသောအောင်မြင်မှုများကို ပိုမိုနက်ရှိုင်းစွာ မိတ်ဆက်ပေးကာ တရုတ်ပုံပြင်များကို ကောင်းမွန်စွာပြောပြလျက်“တစ်ဇုန်တစ်လမ်း”မဟာဗျူဟာ၏လှပသောရည်မှန်းချက်နှင့်ဖော်ဆောင်ရန်အစီအစဉ်အတွက် ပင်လယ်ရပ်ခြားတွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း ဖော်ပြခဲ့သည်။

သတင်းထောက် - ရက်ရုံ


# မုံကျိုမြို့မာလူတုံဂူတွင် လျှို့ဝှက်လူသားပေါင်ရိုးတွေ့ရှိ ရှေးခေတ်လူသား၏အနှောင်းဆုံးသောအသက်ရှင်မှုမှတ်တမ်းစံချိန်သစ်တင်ခဲ့

အမေရိကန်နိုင်ငံ ဒေသစံတော်ချိန် ၂၀၁၅ ခုနှစ်ဒီဇင်ဘာ ၁၄ ရက်နေ့တွင် နာမည်ကျော် နိုင်ငံတကာသုတေသနမဂ္ဂဇင်း《Public Library of Science》(PLoS-ONE) သည် ယူနန်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်သုတေသနဌာနနှင့် ဩစတြေးလျားနိုင်ငံ University of New South Walse အသစ်နန်ဝေလ်စ်တက္ကသိုလ်၏ နောက်ဆုံးသုတေသန အောင်မြင်မှုရလဒ်ဖြစ်သည့်《တရုတ်အနောက်တောင်ပိုင်း Late Pleistocene ခေတ်ကာလနှင့် ရှေးအကျဆုံးသော လူသားမျိုးနှင့် ဆက်နွယ်မှုနီးစပ်သော လူသားပေါင်ရိုး》ကို အွန်လိုင်းပေါ်မှ ထည့်သွင်းဖော်ပြခဲ့သည်။

ယူနန်ပြည်နယ်မုံကျိုမြို့မာလူတုံဂူမှလူသားပေါင်ရိုး၏ နောက်ဆုံးသုတေသနပြုချက်အရ ၄င်း၏ခေတ်ကာလသည် ယခုခေတ်နှင့် နှစ်ပေါင်း(၁. ၄) သောင်းခန့် ကြာပြီးဖြစ်သည့်နောက်ဆုံးတစ်ကြိမ် Interglacial epochice age နှောင်းပိုင်းကာလဖြစ်သော်လည်း ၄င်း၏အသွင်လက္ခဏာမှာ ရှေးအကျဆုံးသောလူသား (ဥပမာအနည်းဆုံးလွန်ခဲ့သောနှစ်ပေါင်း၁၅၀သန်းခန့်တွင် နေထိုင်ခဲ့သော African Homo habilis နှင့် Homo erectus)တို့နှင့် ဆင်တူလှကြောင်း၊ အစောပိုင်းခေတ်သစ်လူသားများနှင့် တစ်ဒေသတည်း၌ အတူနေကောင်းနေနိုင်မှာဖြစ်ကြောင်း သိရသည်။ ၄င်းတွေ့ရှိချက်သည် အရှေ့တောင်အာရှဒေသမှ လူသားများ၏ ဆင့်ကဲပြောင်းလဲတိုးတက်မှုဖြစ်စဉ်ကို သုတေသနပြုရန်အတွက် ရှုထောင့်အသစ်စက်စက် ထောက်ပံ့ပေးနိုင်ခဲ့သည်။

ဩစတြေးလျားနိုင်ငံ University of New South Walse အသစ်နန်ဝေလ်စ်တက္ကသိုလ်မှ ဒုတိယပါမောက္ခ Darren Curnoe က "ဒီတွေ့ရှိချက်ဟာ အငြင်းပွားစရာကြီးဖြစ်ပါတယ်။ ဥရောပနဲ့အနောက်အာရှမှ Neanderthals လူနဲ့ South Siberia မှ 'Denisovan'လူများဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၄)သောင်းလောက်က မျိုးသုန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ ခေတ်သစ်လူသားများ ရောက်ရှိလာပြီးနောက် ဒီလူအုပ်များဟာ လျင်မြန်စွာပျောက်ကွယ်သွားခဲ့တာကို သက်သေပြနိုင်ပါတယ်။ မာလူတုံဂူပေါင်ရိုးရဲ့တွေ့ရှိခြင်းဟာ အရှေ့တောင်အာရှကုန်းမြေဒေသမှာ ခေတ်သစ်လူသားများ (ဒါမှမဟုတ် ရှေးခေတ်လူအုပ်များ)ဟာ ခေတ်သစ်လူသားများနဲ့အတူ ယှဉ်တွဲနေထိုင်ခဲ့တာကို သက်သေပြနိုင်ပါတယ်" ဟုပြောသည်။

"တိဘက်တောင်ပေါ်ဒေသရဲ့ မို့မောက်လာခြင်းဟာ အရှေ့တောင်အစွန်အဖျားဒေသမှာ ဖြစ်ပေါ်လာတဲ့ထူးခြားတဲ့ရှေးဟောင်းရာသီဥတုနဲ့ ရှေးဟောင်းပတ်ဝန်းကျင်ကြောင့် သမိုင်းမတင်မီခေတ်က လူသားများရဲ့မျိုးစုံမျိုးကွဲအတွက် ခိုကိုးရာနေရာတစ်နေရာထောက်ပံ့ပေးနိုင်တယ်"ဟု ယူနန်ပြည်နယ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သုတေသနဌာနမှ သုတေသီဖြစ်သူ ကျီရွှေဖျင်က ထိုသို့ယူဆထားသည်။ ဥရောပနှင့်အာရှတိုက်ရှိ ကုန်းမြေကြီးတွင် လွန်ခဲ့သောနှစ်ပေါင်းနှစ်သန်းခန့်က ပထမဆုံးအသုတ်လူသား (ဥရောပတိုက်နှင့် အာရှတိုက်ရှိကုန်းမြေသို့ ပထမဆုံးအသုတ်ရောက်ရှိသော Yuanmou ape man၊ Java man၊ Lantian ape man၊ Darma Indonesia People စသည်တို့ပါဝင်သည်)များ ဖြစ်ပေါ်လာပြီးနောက် အစုလိုက် ပေါင်းသွင်းရွှေပြောင်းသွားတော့ကြောင်း၊ ရှေးခေတ်လူသားများသည် မတူခြားနားသောဒေသများတွင် ဖြစ်ပွားသော ဆင့်ကဲပြောင်းလဲ တိုးတက်ရန်အချိန်လည်း မတူပါကြောင်း၊ ထို့ကြောင့် ကိုယ်ခန္ဓာလက္ခဏာအရလည်း ကွာခြားနေပါကြောင်း၊ ခေတ်သစ်လူသားများဖြစ်ပေါ်လာပြီးသည့်နောက် ရှေးခေတ်လူအုပ်များသည် တောင်ပိုင်းဒေသ Glacial epochice age ပတ်ဝန်းကျင်အနည်းငယ်သာထိခိုက်ခံရသောအပူပိုင်းဒေသ၊ သမပိုင်းဒေသများတွင် ကံကောင်းစွာဖြင့် အသက်ရှင်ကျန်ရစ်ခဲ့ရကြောင်း ယူဆထားသည်။



မာလူတုံဂူလူသားပေါင်ရိုးနှင့် CT Scan ပုံကို တွေ့ရစဉ်၊

တရုတ်နိုင်ငံယူနန်ဒေသမှ လူသားများ၏ ဆင့်ကဲပြောင်းလဲတိုးတက်မှုဖြစ်စဉ်၏ လျှို့ဝှက်ချက်ကို အဖြေထုတ်နိုင်ရန် ယူနန်ပြည်နယ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် သုတေသနဌာနသည် ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် "ယူနန်တောင်ပိုင်း Late Pleistocene Hoo Sapiens နှင့် ၄င်းတို့၏ ယဉ်ကျေးမှုမျိုးစုံမျိုးကွဲအပေါ် သုတေသနပြုခြင်း" ဟူသော ခေါင်းစဉ်ဖြင့် သုတေသနပြုခဲ့ပါသည်။ အသစ်ပြုလုပ်ထားသော စုံစမ်းလေ့လာခြင်းနှင့် သုတေသနပြုခြင်းမှ တစ်ဆင့် အရေးပါသောတွေ့ရှိချက်နှင့် အောင်မြင်မှုရလဒ်များကို ရရှိခဲ့ပြီးဖြစ်သည်။ ပိုမိုနက်ရှိုင်းသော သုတေသနလုပ်ငန်းနှင့် ရှေးခေတ် DNA သုတေသနလုပ်ငန်းများ လုပ်ဆောင်လာသည်နှင့်အမျှ ပိုမိုများပြားသော လျှို့ဝှက်ချက်များအတွက် အဖြေထုတ်တော့မှာဖြစ်သည်။

သတင်းထောက် - ချိန်ယွင်ဖိန်း

## ဟားနီရွာသစ်တွင် ကျေးရွာခရီးသွားလုပ်ငန်းရေပန်းစားနေ

ကျင့်နင်ခရိုင် ရှီးရန်ကျေးရွာအုပ်စု ရှောင်စီပန်ဟော်ရွာတွင် အချိန်သတ်ကျင်းပလေ့ရှိသော ရိုးရာတိုင်းရင်းသားကျေးရွာခရီးသွားလုပ်ငန်းမှ စားပွဲရှည်စားသောက်ပွဲကြီးသည် များပြားလှသည့် ခရီးသွားများအား ဟားနီတိုင်းရင်းသားများ၏ သဘာဝဂေဟကျအစားအသောက်များကိုလာမြည်းရန်၊ လှိုက်လှဲလှသော ဟားနီတိုင်းရင်းသားများ၏ရိုးရာဓလေ့များကို ခံစားရန် ဆွဲဆောင်ခဲ့သည်။



အစွန်အဖျားနေရာတွင် တည်ရှိနေသည့် ရှောင်စီပန်ဟော်ရွာသည် ယခင်က တောင်ပြိုမှု၊ မြေပြိုမှုစသည့်သဘာဝဘေးအန္တရာယ်များဆိုးရွားစွာထိခိုက်မှုကြောင့် လေးကြိမ်တိုင် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ကျင့်နင်ခရိုင်ပါတီကော်မတီ၊ ခရိုင်အစိုးရတို့၏ ထောက်ခံအားပေးမှုအောက်တွင် အသစ်ရွှေ့ပြောင်းသွားသော ဟားနီတိုင်းရင်းသားရွာသူရွာသားမှအိမ်ခြေ(၄၀)ကျော်သည် သဘာဝဘေးအန္တရာယ်ကို ကြိမ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် ရွာဟောင်းမှ ရွှေ့ပြောင်းပြီး လုံခြုံစိတ်ချရသောနေရာကို ရွေးချယ်ကာ ရွာသစ်ကို ပြန်လည်တည်ဆောက်နေထိုင်ခဲ့ကြသည်။ လက်ရှိတွင် အိမ်တိုင်းလိုလို နေအိမ်သစ်တွင် နေထိုင်ကြပြီးဖြစ်သည်။ရွာသစ်တွင်လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလှသည်၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ ဇီဝဓာတ်ငွေ့အားလုံးရရှိထားပြီးဖြစ်သည်၊ ယဉ်ကျေးမှုရင်ပြင်ငယ်ကိုလည်းတည်ဆောက်ထားသည်။ဝိသေသထူးခြားချက်ပါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာခရီးသွားလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာပြီး ဟားနီတိုင်းရင်းသားပြည်သူလူထုများသည် ချမ်းမြေ့သာယာသော၊ လုံခြုံစိတ်ချသော၊ ပျော်ရွှင်စွာလုပ်ကိုင်နိုင်သော ဘဝသစ်ကို ပိုင်ဆိုင်နိုင်ကြပြီဖြစ်သည်။

သတင်းထောက် - ရန်ချုံယွင်

## တရုတ် – မြန်မာနယ်စပ်ဒေသလူငယ်များ ချစ်ကြည်မှုဖလှယ်ရေးအစီအစဉ် ရွှေလီမြို့၌ကျင်းပ

ပထမအကြိမ် တရုတ်-မြန်မာနယ်စပ်ဒေသလူငယ်များ "လက်ချင်းတွဲ၊ စိတ်ချင်းဆက်" ချစ်ကြည်မှုဖလှယ်ရေးအစီအစဉ်ကို မကြာမီရွှေလီမြို့၌ ကျင်းပခဲ့သည်။ တရုတ်-မြန်မာနှစ်နိုင်ငံမှ လူငယ်လုပ်ငန်းရှင်များ၊ ကျောင်းသူကျောင်းသားများ၊ လူငယ်အနုပညာသမားများ၊ တရုတ်အိုဗာစီလူငယ်များစသည့် ကိုယ်စားလှယ်များက ယင်းအစီအစဉ်သို့ ပါဝင်တက်ရောက်ကြပြီး ချစ်ကြည်ရင်းနှီးစေရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်၍ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

သတင်းထောက် - ဝမ်ယွင်ရွှေ



# ရင်ထဲက လမ်းမကြီး

ဟွေ့စိုက်-ချင်းခုံနိုင်ငံကူးတံတား ပေါ်တွင်ရပ်လျက် အောက်တွင်တသွင် သွင်စီးဆင်းနေသည့် မဲခေါင်မြစ်ရေကို ငေးကြည့်ပြီး ကမ္ဘာလောကကြီးနှင့် ကင်းကွာနေသည့်ပမာ ခံစားရသည်။

သုံးရက်သာဖြင့် စည်ကားဆူညံလှ သော ကူမင်းမြို့မှ စိမ်းလန်းစိုပြေသော ထိုင်း-လာအိုနယ်စပ်သို့ ရောက်ရှိလာ တော့သည်။ ယုရှီး၊ ဖူးလ်၊ ကျင်ဟုန်၊ မော်ဟန်း၊ ဟွေ့စိုက်၊ ချင်းခုံ . . . ဤ မြို့များ၊ ဤရှုခင်းများသည် ပန်းချီကား ချပ်ပမာ ယာဉ်ပြတင်းပေါက်မှလျှပ်တပြက် ဖြတ်သွားတော့သည်။ကူမင်း-ဘန်ကောက် လမ်းမကြီးသည် ဤသို့ဖြင့် ကျွန်တော်တို့ အား အဆုံးမရှိသောအတွေးများပျံ့လွင့် စေသည်၊ ကျွန်တော်တို့အား အဆုံးမရှိ သော ဖြစ်နိုင်ခြေများကို ပေးကမ်းခဲ့ သည်။ ကိုယ်ပိုင်ယာဉ်မောင်းခြင်းကြိုက် နှစ်သက်သူများနှင့်နည်းတူ ကားလမ်း ပေါ်တွင် အစဉ်ရှိနေဆဲဖြစ်သည်။

စည်ကားလှသောမြို့ကြီးပြကြီးမှ ထူထပ်သော သဘာဝသစ်တောအထိ၊ သာယာ၍ အပန်းဖြေလောက်သော မြို့ လေးမှ ယခင်ခေတ်ကအလွန်ထွန်းပြောင် ခဲ့သော ရှေးဟောင်းမြို့တော်အထိ ကူမင်း-ဘန်ကောက် အသွားခရီးပင်ဖြစ် ကောင်းဖြစ်မည်၊ စစ်ဆောင်ပန်နား-ဆု ခိုထိုက်အသွားခရီးပင်ဖြစ်ကောင်းဖြစ် မည်။ သင့်ခြေလှမ်းကို လိုက်လှမ်းရန် အတွက်လား၊ ဘဝ၏အဖြေကို ရှာဖွေ ရန်အတွက်လား၊ ခွဲခြား၍ မရနိုင်ပါ။

တစ်မြို့ပြီးတစ်မြို့၊ မရပ်မနား ခရီးနှင်တော့သည်။

ခရီးသွားခြင်းသည် စိတ်ထဲမှ ခံစားသမျှများကို ထုတ်လွှတ်ရန်အတွက် သာဖြစ်သည်။ လှောင်အိမ်ထဲတွင် အချုပ်ခံရသောငှက်လေးကဲ့သို့ အချုပ် အနှောင်ကိုရုန်းကန်ပြီး ကောင်းကင်ယံ သို့ပျံသန်းကာ ကမ္ဘာကြီးကို သွားကြည့် ချင်ဇောနှင့် မြို့တစ်မြို့နှင့် ကင်းဝေးပြီး အခြားမြို့တစ်မြို့သို့ သွားရောက်ခြင်း ဖြစ်သည်။ ခရီးသွားခြင်းနှင့်ပတ်သက်၍ အချို့က မိမိနေငြီးခဲ့သော နေရာတစ်နေ ရာမှ သူများနေငြီးသော အခြားနေရာ တစ်နေရာသို့ သွားရောက်ခဲ့ခြင်းသာဖြစ် သည်ဟု ယုတ်ညံ့သိမ်ဖျင်းသော်လည်း အားကျသောလေသံဖြင့် ဝေဖန်ကြ သည်။ သို့သော် ခရီးသွားခြင်း၏အနက် အဓိပ္ပါယ်သည် အဆုံးမှတ်ပန်းတိုင် အတွက်မဟုတ်ဘဲ လမ်းခရီးတစ်လျှောက် ရှိရှုခင်းများအတွက်သာ ဖြစ်သည်။ အပြင်ထွက်၍ ကမ္ဘာကြီးကို လည်ပတ် ကြည့်ရှုခြင်းသည် နောက်ဆုံးတွင်စိတ် ထဲသို့ ကျန်ရစ်ထားသည်မှာလည်း လမ်း ခရီးတစ်လျှောက်ရှိ ရှုခင်းများမဟုတ်ဘဲ မိမိနေထိုင်ရာဘဝထဲမှ ကင်းကွာလာပြီး သည့် နောက်ဘဝအကြောင်းကို အေး ဆေးတည်ငြိမ်စွာ ဘေးနားမှ အကဲခတ် ခြင်းနှင့် သဘောပေါက်နားလည်ခြင်း ပင်ဖြစ်သည်။

ခရီးသွားခြင်းသည် မိမိဘဝ အတွက် အချို့အမှတ်မဲ့အဖြစ်များကို တိုးများပြီး ပြောင်းလဲမှုတသမတ်တည်း မရှိခဲ့သော နေထိုင်မှုဘဝ၏ဓမ္မတာကို ချိုးဖောက်စေရန်အတွက်သာဖြစ်သည်။

ခရီးသွားခြင်းသည် နေထိုင်မှုဘဝ ၏ ခဏတစ်ဖြုတ်အချိန်ကို ဖမ်းယူလိုက် ပြီး အလှပဆုံးသော အတိတ်မှတ်တမ်း အဖြစ် ကုံးလိုက်ကာနေဝင်ပြီးသည့်နောက် မှောင်မည်းသွားသော ထောင့်ကြိုထောင့် ကြားများကို ထွန်းတောက်စေရန်အတွက် သာဖြစ်သည်။ သင်သည် မည်သည့်ပွဲင့် တစ်ခုမဆို သင့်အတိတ်ဘဝနှင့် ဆက် နွယ်မှုလုံးဝမရှိသော အံ့ဖွယ်ပုံပြင်နှင့် ယင်းပုံပြင်ကို ပိုင်ဆိုင်ထားသော မည် သည့် ပုဂ္ဂိုလ်တစ်ဦးဦးမဆို ထိုးစိုက်နိုင် ပြီး ၎င်း၏ယခင်ဘဝနှင့် နောက်ဘဝ အတွက် တာဝန်ယူမှာမဟုတ်ပါ။ ရေစုန် မျောဗေဒါပမာ အမှတ်မဲ့တွေ့ဆုံပြီးသည့် နောက် ထွက်ခွာသွားခြင်းဖြစ်သည်။



ကူမင်း-ဘန်ကောက်လမ်းမ ကြီးတစ်လျှောက်ရှိ ရှုခင်းဓာတ်ပုံ

လန်ပိုလာပန်၏ တောင်မြင့်ပေါ် ထိုင် လျက် ရေခွေးကြမ်းသောက်ရင်း အနား ၌ ရေတံခွန်လျှောကို ရှုစားနိုင်သည်။ ထိုင်းနိုင်ငံအမြန်လမ်းဘေးရှိ ၇-၁၁ ကော်ဖီဆိုင်တွင်ထိုင်လျက် ယဉ်မောင်း များက Ninja 650 မော်တော်ဆိုင် ကယ်များကို အနားမှ တဟူးဟူးမောင်း နှင်သွားသည်ကိုကြည့်ပြီး ခါးဖန်သော ကော်ဖီအရသာကို စေ့စပ်စွာခံစားနိုင် သည်။ Krabi ကမ်းခြေရှိ သဲသောင် ပက်လက်ကုလားထိုင်တွင် လဲလျောင်း လျက် tiger beer တစ်လုတ်လောက် သောက်ရင်း တောင်တက်သမားများက အခက်အခဲများနှင့်ဘေးအန္တရာယ်များ ကို မကြောက်မရွံ့ဘဲ ကျောက်ကမ်းပါး များကို ဖြတ်တက်ကြပြီးနောက် လက် မောင်းတန်း၍ အသံကုန်အော်ကြွေး နေသည်ကိုကြည့်ရှုနိုင်သည်။ ကျွန်တော် သည် ဤသို့သောပင်လယ်ကြီးကို အစဉ် စဉ်းစားပြီး အများကကျွန်တော့်အနားသို့ လျှောက်လှမ်းလာပြီး ကျွန်တော့်ကျော ပေါ်၌ လက်တင်လိုက်သည်အထိ တွေးတောခဲ့သည်။ ဆူညံမှုများနှင့် ကင်း ကွာသွား၍ ဘဝကိုဤသို့နေထိုင်နိုင်သေး ပါကလား။ ယင်းသည် အမှန်စင်စစ်သော ဘဝဖြစ်ကောင်းဖြစ်မည်။

ချင်းမိုင်မြို့၏ညဈေးသည် နာမည် ကျော်ကြားလှပြီး နေ့စဉ်ဖွင့်လှစ်လေ့ ရှိသည်။ ကမ္ဘာ့အရပ်ရပ်မှ ခရီးသွားများ က ထင်ရှားကျော်ကြားမှုကို အားကျမိ သဖြင့် ရောက်ရှိလာကြသည်မှာ ယင်း နေရာမှ တမူထူးခြားသောအငွေ့အသက် ကို ခံစားကြရန်အတွက်ပင်ဖြစ်သည်။ ၎င်းအနက် သာမန်ညဈေးဖြစ်သည့် night bazzar သည် မြို့ဟောင်းအပြင် ဘက်ရှိ ချမ်ခန်းလမ်းပေါ်တွင် တည်ရှိ နေသည်။ လမ်းတဘက်တချက်တွင် ဆိုင်ခန်းများ အပြည့်ဖွင့်ကြသည်။ စနေနေ့ညတိုင်း ဖွင့်လှစ်လေ့ရှိသော စနေညဈေးသည် တောင်တံခါးဝ(ချင်း မိုင်တံခါး)၏ အပြင်ဘက်၌ တည်ရှိနေ သည်။ ညဈေးသည် ရေကျုံးမှ နန်ဝါ လမ်းအထိ၊ ထိုမှတဆင့် တောင်ဘက်သို့ ဆန့်တန်းသွားသည်။ ရေကျုံး၏ကမ်းနား တွင် စားကောင်းသောက်ဖွယ်ဆိုင်ခန်း၊ သစ်သီးဝလံဆိုင်ခန်း အများအပြားဖွင့် လိုက်သည်။ ညဈေးတန်းတွင်လည်း စားကောင်းသောက်ဖွယ် ဆိုင်ခန်းများလှ သည်။ သို့သော် ပိုများသည်မှာ လက်မှု ပစ္စည်း အရောင်းဆိုင်များဖြစ်သည်။ လမ်းလယ်တွင် အနုပညာသည်များနှင့် ကြုံတွေ့စမြဲပါ။ ၎င်းတို့အနက် မျက်မမြင် ရှိသည်၊ ကျောင်းသားရှိသည်၊ ကလေး ငယ်လည်းရှိသည်။ လမ်းဘေးတွင် အများအတွက် MASSAGE ကိုအထူး ပြုလုပ်ပေးခြင်းသည် ထူးကဲသောရှုခင်း တစ်ရပ်ပင်ဖြစ်လာသည်။ တနင်္ဂနွေည တိုင်းတွင် ဖွင့်လှစ်ထားသောတနင်္ဂနွေည ဈေးရှိသည်။ ယင်းညဈေး၏တည်နေရာ မှာ ဖာ့ရှင်းကျောင်းမှအစပြုပြီး အရှေ့ ဘက်ထာဖေတံခါးအထိ ဆန့်တန်းသွား သည်။ လမ်းလယ်အတွင်းရှိ လမ်းသွယ် များပေါ်တွင်လည်း ဈေးဆိုင်များစွာ ပျံ့နှံ့လျက်ရှိသည်။ တနင်္ဂနွေညဈေးသည် အကြီးကျယ်ဆုံးသော ညဈေးဖြစ်သော ကြောင့် စားသုံးသူကလည်း အများဆုံး ဖြစ်သည်။ ည ၈း၀၀ နာရီ၊ ၉း၀၀ နာရီ ခန့်ကျသော် အချို့သောလမ်းပိုင်းများ တွင် ကြိတ်ကြိတ်တိုးအောင် စည်ကား လာတတ်သည်။

ယင်းဈေးတန်းတွင် လျှောက်လှမ်း ကြသူများမှာ ခရီးသွားဖြစ်ရုံသာမက ပို များသည်မှာ ဒေသခံပြည်သူများဖြစ်ကြ သည်။ အများတို့သည် မိမိကြိုက်နှစ် သက်ရာပစ္စည်းများကို အပျော်တပါး ရွေးချယ်ဝယ်ယူကြသည်၊ စားကောင်း သောက်ဖွယ်အမျိုးမျိုးကို မြည်းစားကြ သည်။

ဤသို့နှင့် နောက်ဆုံးတွင် ချင်းမိုင် ကို ခံစားပြီးဖြစ်သဖြင့် ခြေအောက်တွင် ပိုမို ဝေးလံသောလမ်းခရီး ဖြစ်သည်။ ရှေးကျလျှို့ဝှက်သော ဆုခေါ်ထိုက်မြို့၊ မီးရောင်များ ထွန်းပြောင်သော ဘန်ကောက် မြို့တို့သည် ရှေ့ဘက်တွင် ရေးရေးရိပ်ရိပ် မြင်ရတော့သည်။ နေသာသည်ဖြစ်စေ၊ မိုးအုံ့သည်ဖြစ်စေ၊ နက်ဖြန်၏ခရီးစဉ်အတွက် ကျွန်တော်တို့ အသင့်ပြင်ဆင်ထားပါရစေ။

ထွန်းလင်းတောက်ပသော အရာ ဝတ္ထုရှိရစမြဲပါ။ အနာဂတ်တွင် ကျွန်တော် တို့သည် နေရာတစ်နေရာတည်းတွင် နေထိုင်ကြသောကြောင့် ပခုံးချင်းယှဉ် လျှောက်သွားသင့်မှာ မဟုတ်ပါ။

သတင်းဆောင်းပါး - ရန်ရှီးကျုံ



ကူမင်း-ဘန်ကောက်လမ်းမ ကြီးတစ်လျှောက်ရှိ ရှုခင်းဓာတ်ပုံ